အာရှအလုပ်ရုံဆွေးနွေးပွဲ

IYAFA 2022– ရေရှည်တည်တံ့ပြီး သာတူညီမျှသော အသေးစားငါးဖမ်းလုပ်ငန်းများ ဂုဏ်ပြုချီးမြင့်ခြင်း။

အပိုင်း (၁) အသေးစားငါးဖမ်းလုပ်ငန်းများမှ သယံဇာတရင်းမြစ်များအား သုံးစွဲလုပ်ကိုင်ပိုင်ခွင့်။

အသေးစားငါးဖမ်းလုပ်ငန်းရပ်ဝန်းများအတွက် အရင်းအမြစ်များအား သုံးစွဲလုပ်ကိုင်ပိုင်ခွင့်၊ ငါးလုပ်ငန်းများတွင် သုံးစွဲလုပ်ကိုင်ပိုင်ခွင့်ဟူသော စကားလုံးသည် သက်ရှိအရင်းအမြစ်ကို သုံးစွဲခြင်း သို့မဟုတ် ၎င်းမှ အကျိုးကျေးဇူးရရှိရန် (သို့) တံငါသည်လုပ်ငန်းများလုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းမှုများနှင့် သက်ရှိများနှင့်ဆက်စပ်သော နယ်ပယ်အားအသုံးပြုခြင်း သို့မဟုတ် ၎င်းတို့မှ အကျိုးကျေးဇူးရရှိရန် အကျိုးခံစားခွင့် သို့မဟုတ် အခွင့်အလမ်းကို ညွှန်းဆိုသည်။

ပင်လယ်သမုဒ္ဒရာနှင့် ကုန်းတွင်းငါးဖမ်းလုပ်ငန်းကိုအသုံးပြုရန်အခွင့်အလမ်းနှင့် အကျိုးခံစားခွင့်သည် အဖွဲ့အစည်းတစ်ခု၏ ဒေသတွင်းလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များအပါအဝင် မည့်သည့်တရားဝင် သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာမူဘောင်အပေါ်တွင် အခြေမခံသည့်အခါ ပွင့်လင်းမြင်သာသော သုံးစွဲလုပ်ကိုင်ပိုင်ခွင့် ဖြစ်နိုင်သည်။

အခြားတစ်ဖက်တွင်မူ Access သည် အဖွဲ့အစည်းဆိုင်ရာမူဘောင်ပေါ် ( ရိုးရာ၊ ဓလေ့ထုံးတမ်း၊ တရားဝင်ဥပဒေ) အခြေခံထားသည့်အခါ အာမခံရှိသောဝင်ရောက်လုပ်ပိုင်ခွင့်ဖြစ်လာသည်။ ၎င်းတို့သည် မြေယာနှင့် ရေလုပ်ငန်းဆိုင်ရာအရင်းအမြစ်များကို အသုံးပြုခွင့် သို့မဟုတ် ၎င်းတို့မှ အကျိုးခံစားခွင့်များကို ကာကွယ်အာမခံပေးထားသည်။ အများစုမှာ တစ်ဦးချင်း သို့မဟုတ် စုပေါင်းအဆင့် ကာကွယ်ပေးထားသည့် အဖွဲ့အစည်းမူဘောင်။

အမျိုးသားစားနပ်ရိက္ခာဖူလုံရေး(VGGT) နှင့် ဆက်စပ်ပြီး မြေယာ၊ ငါးလုပ်ငန်းများနှင့် သစ်တောများ၏ လုပ်ပိုင်ခွင့်ဆိုင်ရာ အာမခံရှိသောပိုင်ဆိုင်မှုစနစ်သည် တာဝန်ယူမှုတာဝန်ခံမှုရှိသော အုပ်ချုပ်မှု၊ လမ်းညွှန်ချက်များနှင့်အညီ ပိုင်ဆိုင်မှုဆိုင်ရာသက်တမ်းတိုးစနစ်များသည် ပိုင်ဆိုင်မှုအခွင့်အရေးများ၊ အထူးသဖြင့် အမျိုးသမီးနှင့် အမျိုးသားတံငါသည်များနှင့် ငါးလုပ်ငန်း၌လုပ်ကိုင်သူများကို တန်ဖိုးထားခြင်း၏ကွင်းဆက်သည် မြေယာ၊ရေ သို့မဟုတ် ရေနေသတ္တဝါ အရင်းအမြစ်များအား လုပ်ပိုင်ခွင့်အခွင့်အရေးများကို လုပ်ပိုင်ခွင့်ရရှိပြီး၊ ၎င်းအရင်းအမြစ်များကို အဘယ်သို့သောအခြေအနေမျိုးနှင့် ဘယ်လောက်ကြာကြာသုံးစွဲခွင့်၊ မည်သူမှ သုံးစွဲခွင့်ရှိသည်ကို စဉ်စားသုံးသပ်ရန်ဖြစ်သည်။ လုပ်ပိုင်ခွင့်နှင့် ပတ်သက်သည့် အခွင့်အရေးများနှင့် တာဝန်ယူမှုများအောက်တွင် **VGGT** သည် တာဝန်ယူအုပ်ချုပ်မှု ရှိစေရန် ဆောင်ရွက်သည်။။ အဘယ်ကြောင့်ဆိုသော် ရေလုပ်ငန်းအပါအဝင် မြေယာနှင့် သစ်တောများသည် လူ့အခွင့်အရေး၊ စားနပ်ရိပ်က္ခာဖူလုံရေး၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းမှုများ,

တည်ငြိမ်သောလူမှုဘဝ၊ အိမ်ယာဖူလုံရေး နှင့် ကျေးလတ်ဒေသ ဖွံ့ဖြိုးမှုများကို ဖော်ဆောင်ရေးသည် အဓိက အချက်အချာကျသောကြောင့်ဖြစ်သည်။ (စာပိုဒ် ၄.၁)

ဖမ်းဆီးရမိသောငါးများနှင့် စပ်လျဉ်း၍ အာမခံရှိသောပိုင်ဆိုင်လုပ်ပိုင်ခွင့်များ၏ အစိတ်အပိုင်းများမှာ အောက်ပါအတိုင်းပါဝင်သည်။ တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်း၏ ခွင့်ပြုထားသော လက်မှုလုပ်ငန်း အခွင့်(စက်မှုလုပ်ငန်းဖြစ်စေ) နှင့် စက်ယန္တယား (ဥပမာ– လိုအပ်သော ပစ္စည်းကိရိယာ၊ ဆွဲယူရသောအရာ )များပါဝင်သည်။ သတ်မှတ်ထားသော အချိန်ဘောင်အတွင်း သီးခြားအရင်းအမြစ်များကို ပစ်မှတ်ထားရန်။ ၎င်းသည် ရေကျင့်ထုံးများပေါ်တွင် ရေးသားမထားသော ဓလေ့ထုံးတမ်းများ (သို့) ဒေသခံရပ်ရွာကျင့်ထုံးများပေါ်တွင်အခြေခံသည်– သမဝါယမ သို့) အသင်းအဖွဲ့များ၏ စည်းမျဉ်းများ၊ နိုင်ငံတော်၏ စည်းမျဉ်းများ သို့) လိုင်စင်/ပါမစ်များ။ အချို့သော ဒေသများမှာလုပ်ပိုင်ခွင့်ဆိုင်ရာ အစိတ်အပိုင်းများနှင့်ပတ်သက်၍ အဲ့ဒီဒေသ၏ ပထဝီအနေအထားအရ ပြည့်စုံသေချာစွာ ပြုလုပ်ထားချိန်တွင် အခြားဒေသများတွင် ၎င်းနှင့်ပတ်သက်၍ အားနည်းနေသေးပြီး ထိရောက်သောလုပ်ပိုင်ခွင့်များကို ဖန်တီးပေးဖို့လိုအပ်နေသေးသည်။

လယ်ယာမြေပိုင်ဆိုင်ခွင့်တွင် အနည်းဆုံးအိမ်ယာပိုင်ဆိုင်ခွင့်နှင့် အခြားခံစားခွင့်၊ ငါးဖမ်းလုပ်ငန်းလုပ်ပိုင်ခွင့်၊ ငါးလုပ်ငန်းလုပ်ငန်းစဉ်နှင့် ဈေးကွက်ရှာဖွေရေးနှင့် ငါးလုပ်ငန်းအဝန်းအဝိုင်းများသက်သာချောင်ချိရေး အတွက် အနည်းဆုံး ယာယီမြေပိုင်ဆိုင်ခွင့်နှင့် အမြဲတမ်းမြေပိုင်ဆိုင်ခွင့်တို့ပါဝင်သည်။

ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် စားနပ်ရိပ်က္ခာဖူလုံရေး စပ်လျဉ်း၍ စဉ်ဆက်မပြတ် အာမခံလုပ်ပိုင်ခွင့် (SSF လမ်းညွှန်မှုများ) ၏ လမ်းညွှန်ချက်များကို လိုက်နာခြင်းဖြင့် နိုင်ငံပိုင်လုပ်ငန်းခွင်အတွင်း အသေးစားငါးဖမ်းလုပ်ငန်းများကို ဦးစားပေးလုပ်ပိုင်ခွင့် ပေးအပ်နိုင်သည် အထူးသဖြင့် ထိခိုက်လွယ်သောအုပ်စုများကို အကျိုးရှိအောင် နိုင်ငံတော်ပိုင်ရေပိုင်နက်ထဲတွင် အထူးလုပ်ပိုင်ခွင့်ရ ဇုံများဖန်တီးပြီး ငါးဖမ်းခွင့် နိုင်ငံတော်မှ အသေးစားငါးလုပ်ငန်းများ၏ အထူးလုပ်ပိုင်ခွင့်များကို အာမခံပေးထားခြင်းများပါဝင်သည်။

ကမ်းရိုးတမ်း အခြေစိုက် သို့) ကမ်းရိုးတန်းပိုင်ရှင်ရှိ – လုပ်ငန်းရှင်များနှင့် ၎င်း၏မိသားစုဝင်များအတွက် ရေပိုင်နက်ဆိုင်ရာလုပ်ပိုင်ခွင့်များသည် ကြီးမားသောအကျိုးရလဒ်ကို ရရှိစေနိုင်သော်လည်း ကုန်းတွင်းငါးဖမ်းလုပ်ငန်းနှင့် အဏ္ဏဝါငါးလုပ်ငန်းဆိုင်ရာ အရင်းအမြစ်များနှင့် ပင်လယ်ကမ်းရိုးတန်း ဇရိယာများ၏ အရင်းအမြစ်သုံးစွဲမှုနှင့် ပတ်သက်၍ကိုင်တွယ်ဖြေရှင်းရာတွင် အရည်အချင်းမပြည့်ဝမှုများသည် ပြင်ပအကျပ်အတည်းများ ဖြစ်ပေါ်စေပြီး နေရာအများစုတွင် အသေးစားငါးဖမ်းလုပ်ငန်းများ၏ လုပ်ပိုင်ခွင့်များကို ခုခံကာကွယ်ရန် ကာကွယ်ရန်အတွက် စနစ်တကျတည်ဆောက်ထားသော စနစ်တစ်ခုမရှိသေးပေ။ ဒါသည် ဖြေရှင်းရန်ကျန်ရှိနေသေးသော စိန်ခေါ်မှုတစ်ခုဖြစ်သည်။

အုပ်စုလိုက်ဆွေးနွေးရန် မေးခွန်းများ

၁. ငါးဖမ်းလုပ်ငန်းစဉ်တစ်လျှောက် လိုအပ်သော အိမ်ရာနှင့် အခြားမြေအရင်းအမြစ်များရရှိရန်အတွက် တစ်ဦးချင်းနှင့် စုပေါင်းလုပ်ပိုင်ခွင့် အခွင့်အရေးများကို သင်ခံစားရပါသလား။ အမျိုးသားနှင့် အမျိုးသမီးတို့အတွက် လုံခြုံပြီး သာတူမျှတသော အခွင့်အရေးရရှိအောင် သင်ဘယ်လိုဖန်တီး လုပ်ဆောင်သင့်ပါသလဲ။

၂. ငါးဖမ်းသယံဇာတများ၊ ပင်လယ်ကမ်းရိုးတန်းနှင့် ကမ်းရိုးတန်းဒေသများတွင် ငါးလုပ်ငန်းလုပ်ကိုင်နေသူ အမျိုးသမီးနှင့် အမျိုးသားတံငါသည် တို့၏လုပ်ပိုင်ခွင့်အခွင့်အရေးများကို နှစ်သက်ပါသလား။ ဒီအခွင့်အရေးများသည် တရားဝင်အခွင့်အရေးများ သို့မဟုတ် ရိုးရာ/ဌာနေ/ဓလေ့ထုံးတမ်း ခွင့်အရေးများ ဟုတ်ပါသလား။ ဥမမာအားဖြင့်၊ ပိုင်ဆိုင်မှုအခွင့်အရေးများသည် ဒေသခံရေနေနှင့် ကမ်းရိုးတန်းဂေဟာစနစ်များ ပြန်လည်ပြုပြင်ထိန်းသိမ်းကာကွယ်ရန်နှင့် ပူးပေါင်းစီမံခန့်ခွဲရန် အသေးစားငါးဖမ်းလုပ်ငန်းများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုပါလား။

၃. အသေးစားငါးဖမ်းလုပ်ငန်းပိုင်ရှင်များမှ မြေယာသို့မဟုတ် ရေလုပ်ငန်းလုပ်ကိုင်ရန် ရေပိုင်နက်များကို ပိုင်ဆိုင်လုပ်ပိုင်ခွင့်ရရန် ဘယ်လို အတားအဆီး အခက်အခဲ၊ ခြိမ်းခြောက်မှုများကို ကြုံတွေ့နေရပါသလဲ။ ၎င်းအခက်အခဲစိန်ခေါ်မှုများကို သင်မည်သို့ကျော်လွှားပါမည်နည်း။

၄. အသေးစားငါးဖမ်းလုပ်ငန်းစုများ၏ မြေယာနှင့် ရေပိုင်နက်မှဆိုင်ရာ ပြောင်းလွယ်ပြင်လွယ်တဲ့ ဥပဒေကြောင်းအရ နှင်ထုတ်ခြင်းများနှင့် ရပ်စဲခဲ့သည့် ဖြစ်ရပ်များရှိပါသလား။

၅. သဘာဝဘေးအန္တရာယ် သို့မဟုတ် ပဋိပက္ခများကြောင့် အိုးအိမ်စွန့်ခွဲခဲ့ရသော အသေးစားငါးဖမ်းရပ်ရွာများအတွက် ယခင်လုပ်ကိုင်ခဲ့သောရေလုပ်ငန်းအကွင်းအကွက်များနှင့် ကမ်းရိုးတန်းမြေများကို ပြန်လည်ရရှိစေရန် ညှိနှိုင်းဆောင်ရွက်မှုများရှိပါသလား။

၆. အကြီးစားဖွံ့ဖြိုးရေးပရောဂျက်များ အကောင်အထည်မဖော်မီ အသေးစားငါးဖမ်းလုပ်ငန်းရပ်ဝန်းများနှင့် အဓိပ္ပါယ်ပြည့်ဝသော ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်ပါသလား။ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုနှင့်ဆိုင်သော လေ့လာတွေ့ရှိချက်များကို ၎င်းဆွေးနွေးပွဲများတွင် အစီရင်ခံပါသလား။

၇. ပိုင်ဆိုင်လုပ်ပိုင်ခွင့် အခွင့်အရေးဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန်နှင့် တရားဝင်လျော်ကြေးပေးခြင်း၊ ထိခိုက်ပျက်ဆီးမှုအတွက်လျော်ကြေးပေးခြင်း၊ နှင့်အခြားလျော်ကြေးပေးပြီး စသည့်ကုစားမှုများရရှိနိုင်မှုသေချာစေရန် ထိရောက်သော ယန္တရားများရှိပါသလား။